# ၅

# ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ရန်ကုန် တက္ကသိုလ် အက်ဥပဒေ (The University of Rangoon Act) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) ရန် ကုန် တက္ကသိုလ်ပိုင် ပစ္စည်း အား လုံး သည် ၎င်း၊ ရန်ကုန်တက္ကသိုလ်၏ကြွေးမြီတာဝန်အားလုံးသည်၎င်း၊ အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင် အာဏာတည်သည့် အချိန်မှအစပြု၍၊ နိုင်ငံတော် တော်လှန်ရေးအစိုးရသည်၊ ရန်ကုန်တက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေဖြင့်ပေးအပ်ထားသည့် အာဏာနှင့်တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။